ပန်းဘဲစုကျေးရွာ

စလင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၃)

---

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပန်းဘဲစုကျေးရွာ၊ စလင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ် ၊ ဩဂုတ်လ

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း**

**အပိုင်း(၁)- ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

မာတိကာ


၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မ ရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဇယား

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဆိုင်ရာ အခြေပြဇယား

၁။ တည်နေရာနှင့် ပထဝီအနေအထား

မကွေးတိုင်းဒေကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ရှမ်းစုကျေးရွာအုပ်စု၊ ပန်းဘဲစုကျေးရွာသည် အရှေ့ဘက်တွင် ကူဖြူကျေးရွာ၊ အနောက်ဘက်တွင် ဆင်ကျုံးကျေးရွာ၊ တောင်ဘက်တွင် အရာတော်ကျေးရွာနှင့် မြောက်ဘက်တွင် ရှမ်းစုကျေးရွာတို့နှင့် နယ်နမိတ်ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ ပန်းဘဲစုကျေးရွာသည် ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှုမှာ စလင်းမြို့နှင့် (၂)မိုင်ခန့်သာ ကွာဝေးသောကြောင့် သယ်ယူပို့ဆောင်ရေးမှာ ကုန်းလမ်းဖြစ်ပြီး ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များဖြင့် သွားလာရောင်းချရာတွင် လွယ်ကူမှုရှိပါသည်။ ပန်းဘဲစုကျေးရွာသည် ပထဝီအနေအထားအရ လမ်းပန်းဆက်သွယ်မှု အသင့်အတင့် ကောင်းမွန်သော ကျေးရွာ ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ပန်းဘဲစုကျေးရွာ၏ ရာသီဥတုမှာ တန်ခူး၊ ကဆုန်လများတွင် အလွန်ပူပြင်းပြီး နယုန်လပြည့်ကျော်မှစ၍ မိုးအသင့်အတင့်ရွာပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်များ စတင်လုပ်ကိုင် သော အချိန်ကာလဖြစ်ပါသည်။ အလယ်ပိုင်းကာလဖြစ်သည့်အလျောက် ပူးပြင်းသောရာသီကို အများဆုံး ခံစားရပြီး မိုးအသင့်အတင့်သာရရှိသော ဒေသဖြစ်ပါသည်။ ပန်းဘဲစုကျေးရွာသည် စပါး၊ ကုလားပဲနှင့် နှမ်းစသည့်သီးနှံများကို အများဆုံးစိုက်ပျိုးကြပါသည်။ စလင်းတမံမှ ပေးလွှတ်သော စိုက်ပျိုးရေကိုသာ အမှီပြု၍ လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သော ကျေးရွာဖြစ်ပါသည်။

ပန်းဘဲစုကျေးရွာတွင် ဆည်ရေသောက်လယ်ဧက(၃၂၈.၂၁)ဧကရှိပါသည်။ ဦးပိုင်ယာမြေများ ကျယ်ပြန့်စွာ ရှိနေသည့်အတွက် နို့စားနွား၊ ခိုင်းနွားများနှင့် ဝက်များမွေးမြူရေးအတွက် စားကျက်အလုံအလောက်ရှိသဖြင့် စီးပွားဖြစ်မွေးမြူရေး တိုးချဲ့ရန် အလားအလာကောင်းများလည်း ရှိပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သောကြောင့် သဘာဝပေါက်ပင်များမှာ ထောက်ကြံ့၊ အင်ကြင်း၊ ထန်း၊ မန်ကျည်း၊ ဇီး၊ တမာ၊ ရှား၊ ထနောင်း၊ ကုက္ကိုစသည့် အပင်များပေါက်ရောက်ပြီး ထိန်းသိမ်းမှုအားနည်းခြင်း၊ ထုတ်ယူသုံးစွဲမှုများသောကြောင့် သစ်တောများလည်း လျော့နည်းလာပါသည်။ ထင်းအတွက် ခုတ်ယူမှုများကြောင့် သဘာဝဆေးဖက်ဝင်အပင်များ လျော့နည်းလာပါသည်။ ရွာပတ်လည်တွင် ငှက်မျိုးစုံနှင့် သမင်၊ ဂျီ၊ ယုန် စသည့်တိရိစ္ဆာန်များ ရှားပါးလာပါသည်။ လက်လှမ်းမီနိုင်မှု တစ်ဖြည်းဖြည်း ခက်ခဲလာပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ပန်းဘဲစုကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာ၏ လိုအပ်ချက်အရ အဖွဲ့ ၄ ဖွဲ့ကို ဖွဲ့စည်းထားကြပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ လူမှုရေးကဏ္ဍတွင် လူငယ်အဖွဲ့၊ ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးအဖွဲ့နှင့် ဘာသာရေးကဏ္ဍတွင် ဝတ်အသင်းအဖွဲ့တို့ ရှိကြပါသည်။ ၄င်းအဖွဲ့များဖွဲ့စည်းထားသော်လည်း အဖွဲ့အလိုက် စီမံကိန်းများဖြင့် ဆောင်ရွက်ခြင်း၊ အဖွဲ့များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း စသည်တို့ အားနည်းလျက်ရှိပါ

သည်။ ကျေးရွာတွင် အဖွဲ့အစည်းများ ရည်ရှည်ရှင်သန်၍ အောင်မြင်ဖြစ်ထွန်းမှုရှိလာအောင် သင်တန်းများ၊ ဟောပြောပွဲများ ကျင်းပခြင်းဖြင့် စွမ်းဆောင်ရည် မြင့်မားလာမည် ဖြစ်ပါသည်။

မိမိတို့ကျေးရွာသည် နိုင်ငံတော်အစိုးရလက်အောက်ရှိ ကျေးရွာနှင့် တိုက်ရိုက်သက်ဆိုင်သော ဦးစီးဌာနများ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ဘဏ်၊ သမ၊ ပညာရေး၊ ကျန်းမာရေး၊ လဝက) စသည်ဌာနတို့နှင့် ချိတ်ဆက်မှုရှိခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အကူအညီများကို ရရှိခဲ့ပါသည်။ ပြင်ပအဖွဲ့အစည်းများအနေဖြင့် ပက်မြန်မာအဖွဲ့နှင့် Beauty Girl(BG) အဖွဲ့များမှ အသေးစား ငွေစုငွေချေး လုပ်ငန်းများနှင့် မာရီစတုတ်ကျန်းမာရေးလက်ဆင့်ကမ်းသည့် အဖွဲ့၏ လုပ်ငန်းများမှာလည်း အသင့်အတင့် ကောင်းမွန်ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**ကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းခွင်ကြီးကြပ်ခြင်း စသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ပန်းဘဲစုကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ကြပြီး စပါး၊ နှမ်းနှင့် ကုလားပဲကိုသာ စိုက်ပျိုးပြီး ဝင်ငွေအသင့်အတင့် ရရှိပါသည်။ စပါး၏ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ (၅၀ မှ ၇၅) တင်း၊ နှမ်း၏တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၈ မှ ၁၃) တင်းဖြစ်ပြီး ကုလားပဲ၏ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ(၈ မှ ၁၃) တင်းရရှိပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများအပြင် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ နွားမွေးမြူသော အိမ်ထောင်စု(၂၆)အိမ်တွင် အကောင်ရေ(၇၀)ကောင်၊ နို့စားနွားမွေးမြူသော အိမ်ထောင်စု(၂)အိမ်တွင် အကောင်ရေ (၄)ကောင်၊ ဝက်မွေးမြူသော အိမ်ထောင်စု(၁၅)အိမ်တွင် အကောင်ရေ(၄၀)ကောင်၊ ကြက်မွေးမြူသော အိမ်ထောင်စု(၂၄)အိမ်တွင် အကောင်ရေ(၂၅၁)ကောင် မွေးမြူကြပါသည်။

အိမ်ထောင်စုများကို အဆင့်(၄)ဆင့် ခွဲခြားထားပါသည်။ ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ဆုံးဖြတ်သော ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ အဆင်ပြေသောအဆင့်မှာ (၂၀) အိမ်ထောင်စု ရှိပါသည်။ အလယ်အလတ်အဆင့်မှာ (၂၅)စု ရှိပါသည်။ မပြေလည်သောအဆင့်မှာ (၃၀)စု ရှိပါသည်။ အလွန်မပြေလည်သောအဆင့်မှာ (၇၇)စု ရှိပါသည်။ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှု၊ အိမ်အမျိုးအစား၊ ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှု၊ အိမ်မွေးတိရိစ္ဆာန်ပိုင်ဆိုင်မှုများဖြင့်သာ ခွဲခြားသတ်မှတ်ထားပါသည်။ ၎င်းအပြင် ဆင်းရဲသော အိမ်ထောင်စုများမှာ မြေယာမဲ့များဖြစ်ကြ၍ စိုက်ပျိုးရေးလုပ်ငန်းများတွင် အငှားဖြင့်သာ လုပ်ကိုင်ကြရသည်။ မြေယာမဲ့

အိမ်ထောင်စု အရေအတွက်မှာ (၉၆)အိမ်ထောင်စုရှိကာ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

ကျေးရွာတွင်းရှိ မြေယာမဲ့အိမ်ထောင်စုများမှာ စိုက်ပျိုးရာသီချိန်များတွင် စိုက်ပျိုးရေး လုပ်ငန်းများကို နေ့စားအလုပ် ဝင်ရောက်လုပ်ကိုင်ကြရပြီး တချို့မှာ ခေါင်းရွက်ဈေးသည် လုပ်ငန်း များဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း များအဖြစ် လက်သမား၊ ပန်းရံလုပ်ကိုင်ခြင်း၊ စက်ပြင်၊ အပ်ချုပ်၊ ဈေးဆိုင်ဈေးရောင်းခြင်း၊ အစိုးရဝန်ထမ်း အလုပ်တို့ကို လုပ်ကိုင်ကြသည်။ ကျေးရွာတွင် အစိုးရဝန်ထမ်းမှလွဲ၍ ကျန်အလုပ် များမှာ ပုံမှန် အလုပ်အကိုင်ဝင်ငွေမရှိကြပါ။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ပန်းဘဲစုကျေးရွာ၏ ဈေးကွက်လက်လှမ်းမီမှုအခြေအနေမှာ စလင်းမြို့ဈေးနှင့် (၂)မိုင်သာ ကွာဝေးပြီး ကုန်းလမ်းဖြင့်သာသွားလာရသဖြင့် အဆင်ပြေပါသည်။ သွားလာရေးနှင့် သယ်ယူ ပို့ဆောင်ရေးအတွက် ကား (၁)စီး၊ စက်ဘီး (၁၂၉) စီး၊ ဆိုင်ကယ် (၁၂၇) စီး၊ သုံးဘီး ဆိုင်ကယ် (၄)စီး၊ ထော်လာဂျီ (၃) စီးနှင့် နွားလှည်း(၂၄) စီးရှိ၍ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းတို့တွင် အသုံးပြုလျှက်ရှိပါသည်။

မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပြီးသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာလူထုသည် တယ်လီဖုန်း(၂၀၀)လုံး၊ ရေဒီယို (၄၂)လုံး၊ တီဗွီ (၇၁)လုံးနှင့် စလောင်း(၆၁)ခု ရှိပါသည်။ ခေတ်နှင့် အညီ တိုးတက်လာသည်နှင့်အမျှ မိုဘိုင်းဖုန်းများ လက်လှမ်းမီစွာ အသုံးပြုနိုင်သည့်အတွက် ဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာ ဖြစ်ပါသည်။ သတင်းအချက်များ လေ့လာရာတွင် တီဗွီ၊ ရေဒီယိုနှင့် စလောင်းများ အသုံးပြုလျက် ရှိကြပါသည်။

## ၆။ ပညာရေး

ပန်းဘဲစုကျေးရွာတွင် မူလတန်းကျောင်းရှိပါသည်။ စာသင်ကျောင်းတွင် ပရိဘောဂစွည်း လုံလောက်မှု မရှိပါ။ ကျောင်းအိမ်သာများ ကောင်းမွန်ပါသည်။ ရွာကျောင်းတွင် လက်ရှိမှာ နိုင်ငံတော်မှတည်ဆောက်ပေးထားသော (၉၀' × ၃၀') ကျောင်းဆောင် (၁)ဆောင်မှာလည်း ကောင်း မွန်ပါသည်။ ကျောင်းတွင် စာသင်ကြားသော ဆရာ/ဆရာမ ဦးရေမှာ ကျား(၁)ဦး၊ မ(၄)ဦး တို့ဖြင့် သင်ကြားနေပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ/သားများသည် ရွာနှင့်(၂မိုင်) ဝေးသည့် စလင်းမြို့ (အ.ထ.က-၁)အထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းနေသူ (၂၁)ဦး၊ အလယ်တန်းကျောင်းနေသူ (၁၈)ဦး၊ အထက်တန်း ကျောင်းနေသူ (၁၁)ဦး၊ တက္ကသိုလ်တက်နေသူ (၉)ဦး ရှိပါသည်။

## ၇။ ကျန်းမာရေး

ပန်းဘဲစုကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာ ကြသည်။ အမျိုးသမီး၊ လူငယ် လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ

ရှိကြသော်လည်း သက်ကြီးပိုင်းတို့တွင် သွေးတိုးရောဂါအဖြစ်များ ကြပါသည်။ လွန်ခဲ့သော(၁၂)လအတွင်း ၅နှစ်အောက်ကလေးများအတွက် အဆုတ်ရောဂါ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါ၊ ပိုလီယိုရောဂါ၊ ဝက်သက် ရောဂါစသည့် ကာကွယ်ဆေးထိုးနှံမှုများ ပြုလုပ်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များအတွက် မေးခိုင်ကာကွယ်ဆေးနှင့် အခြားလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ပါသည်။ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါကလည်း ကျေးရွာနှင့် (၂)မိုင်ခန့် ကွာဝေးသော စလင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက် ကုသမှုခံယူကြပါသည်။

ကျေးရွာအတွင်း ရေတွင်း(၃)တွင်း၊ အဝီစိတွင်း/စက်တပ် ပုဂ္ဂလိကပိုင်(၁၁)တွင်းနှင့် အဝီစိတုံကင် ပုဂ္ဂလိကပိုင်(၆၉) တွင်းရှိသဖြင့် သောက်သုံးရေဖူလုံပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာ(၁၃၆)လုံးရှိပြီး ကျန်အိမ်ထောင်စုများမှာ အိမ်သာ(၁)လုံးလျှင် (၂)အိမ် အတူတူ အသုံးပြုကြပါသည်။ တစ်ရွာလုံးနီးပါးမှာ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါနှင့် ယင်ကြောင့် ဖြစ်ပွားတတ်သော ဝမ်းပျက်၊ ဝမ်းလျော ရောဂါဖြစ်ပွားမှုမှာ နည်းပါးပါသည်။

## ၈။ ဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာ၏ ဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြေအနေများနှင့် ပတ်သက်၍ အောက်ဖော်ပြပါ အကြောင်းအရာတို့ကို ကျေးရွာအတွင်း တွေ့ကြုံနေရပါသည်-

- **တိရစ္ဆာန်ကူးစက်ရောဂါကျရောက်ခြင်း**- ဝါဆိုလများတွင် ဝက်များတွင် နားရွက်ပြာရောဂါအဖြစ်များပြားလာခြင်းဖြစ်ပါသည်။

## ၉။ ကျား-မရေးရာ

ပန်းဘဲစုကျေးရွာတွင် အိမ်ခြေ(၁၅၂)အိမ်ရှိပြီး ကျား(၂၄၆)ဦး၊ မ(၃၁၄)ဦးဖြင့် လူဦးရေ ပေါင်း(၅၆၀)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၇)ဦးနှုန်းရှိပြီး နိုင်ငံတော်မှသတ်မှတ်ထားသော တစ်အိမ်ထောင်ပျမ်းမျှ (၅)ဦးထက် လျော့နည်းနေပါသည်။ ကျေးရွာတွင် မြန်မာလူမျိုးများ နေထိုင်ကြသော ဗုဒ္ဓဘာသာလူမျိုးများဖြစ်ကြသည်။ အလုပ်လုပ်ကိုင်နိုင်သူ ဦးရေမှာ (၄၃၇) (၇၈.၀၄%) ရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့် အသက်(၆၅)နှစ်အထက် လူဦးရေစုစုပေါင်း (၁၂၃) (၂၁.၉၆%) သည် မှီခိုသူများ ဖြစ်ကြပါသည်။ အလုပ်လုပ်ကိုင်နိုင်သူဦးရေမှာ (၇၈.၀၄%)ရှိသော်လည်း အလုပ်အကိုင်နှင့် ဝင်ငွေနည်းခြင်း၊ ဝင်ငွေပုံမှန်မရှိခြင်းတို့ကြောင့် မိသားစုအများစုမှာ ဆင်းရဲသည်ကို တွေ့ရပါသည်။

ပန်းဘဲစုကျေးရွာတွင် ကျား-မ တန်းတူ အခွင့်အရေးရှိကြပြီး ကျေးရွာတွင်းရှိ စီမံအုပ်ချုပ်မှုစနစ်များ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသားများသာ ဦးဆောင်လေ့ရှိကြပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ

ဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် မျိုးစေ့ချခြင်း၊ ရိပ်သိမ်းခြင်းကိစ္စများ ဆောင်ရွက်ကြပြီး အမျိုးသားများသည် ယာထွန်ခြင်းစသည့် လယ်ယာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြပါသည်။ မိသားစုဆုံးဖြတ် ပိုင်ခွင့်များဝင်မှု အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်သည်။ အမျိုးသား၊ အမျိုးသမီးအဖွဲ့များမှ ဘာသာရေးအထိန်းအမှတ် ယဉ်ကျေးမှုပွဲတော်များ၊ သာရေးနာရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးများအပေါ်တွင် အကြမ်းဖက်မှုများလည်းမရှိပါ။ လုပ်အားခသတ်မှတ်ရာတွင် အမျိုးသားလုပ်အားခမှာ အမျိုးသမီး လုပ်အားခထက် ပိုမိုများလေ့ရှိပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် ရွာသူရွာသားများမှ အများသဘောတူရွေးချယ်ဖွဲ့စည်းလိုက်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ(၁၁)ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရွေးချယ်ကြပြီး ကျန်ရွာသူရွာသားများက ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်းကို အတည်ပြုပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန်လိုအပ်ပါသည်။

ကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကိုအခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်းများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

## ပန်းဘဲစုကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက်ပြဇယား

| စဉ် | ပြဿနာအခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းများ | စီမံချက် |
|---|---|---|---|---|---|---|
| ၁ | ရွာအဝင်လမ်းများသည် ချိုင့်များ၊အနိမ့်အမြင့်များဖြစ်နေ၍ သွားလာရခက်ခဲနေခြင်း။ | - မိုးရာသီရေတိုက်စားမှုများသောကြောင့်။<br>- နှစ်ကာလကြာရှည်စွာ သွားလာမှုများသောကြောင့်။ | -ကုန်ကြမ်းလက်လှမ်းမီခြင်း<br>-စက်ယန္တရား လက်လှမ်းမီခြင်း<br>-ကျေးရွာတွင် ဖွံ့ဖြိုးရေးအဖွဲ့များရှိခြင်း | - ရန်ပုံငွေမရှိခြင်း | - ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှ ရန်ပုံငွေရရှိရန် ကျေးလက်ဦးစီးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း။ | မြေနီကျောက်ချောလမ်းအဆင့် မြှင့်တင်ရေးစီမံချက် |
| ၂ | သန့်ရှင်းသော သောက်သုံးရေမလုံလောက်ခြင်း။ | နွေရာသီတွင် ရေတွင်းများရေထိပ်ကျ၍ သောက်သုံးရေမလုံလောက်ခြင်း။ | - ဖွံ့ဖြိုးရေးလူငယ်အဖွဲ့များရှိခြင်း<br>- ကုန်ကြမ်းလက်လှမ်းမီ ခြင်း | - ရန်ပုံငွေမရှိခြင်း | - ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှ ရန်ပုံငွေရရှိရန် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | သန့်ရှင်းသောသောက်သုံးရေရရှိရေးစီမံချက် |
| ၃ | ကျောင်းသုံးပရိဘောဂပစ္စည်းများ မလုံလောက်ခြင်း။ | ကျောင်းသားဦးရေတိုးလာ ခြင်း။ | - ကျောင်းအကျိုးတော်ဆောင်အဖွဲ့များရှိခြင်း။ | - ရန်ပုံငွေမရှိခြင်း | - ပညာရေးဌာနနှင့် ချိတ်ဆက်၍ လိုအပ်ချက်များတင်ပြတောင်းဆိုခြင်း။<br>- ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းတို့ ထိရောက်စွာလက်တွဲ ဆောင်ရွက်ခြင်း။ | ပညာရေးကဏ္ဍတိုးတက်ရေး စီမံချက် |

## ပန်းဘဲစုကျေးရွာ ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်ခြင်း

| စဉ် | စီမံချက် | အမှတ်ပေးသူ ၁ | အမှတ်ပေးသူ ၂ | အမှတ်ပေးသူ ၃ | အမှတ်ပေးသူ ၄ | အမှတ်ပေးသူ ၅ | အမှတ်ပေးသူ ၆ | အမှတ်ပေးသူ ၇ | အမှတ်ပေးသူ ၈ | အမှတ်ပေးသူ ၉ | အမှတ်ပေးသူ ၁၀ | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာအဝင်လမ်းများ မြေနီကျောက်ချောလမ်း အဆင့်မြှင့်တင်ရေးစီမံချက် | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၂ | သန့်ရှင်းသောသောက်သုံးရေရရှိရေးစီမံချက် | ၉ | ၈ | ၉ | ၇ | ၅ | ၉ | ၆ | ၉ | ၅ | ၈ | ၇၅ | ၂ |
| ၃ | ပညာရေးကဏ္ဍတိုးတက်လာရေးစီမံချက် | ၆ | ၄ | ၅ | ၈ | ၇ | ၃ | ၆ | ၅ | ၄ | ၅ | ၅၃ | ၃ |

ပန်းဘဲစုကျေးရွာ ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မည့် ဇယား

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာအဝင်လမ်းများ မြေနီကျောက်ချောလမ်း အဆင့်မြှင့်တင်ရေးစီမံချက် | ၁ | ✔ | | | | |
| ၂ | သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံချက် | ၂ | | ✔ | | | |
| ၃ | ပညာရေးကဏ္ဍတိုးတက်လာရေး စီမံချက် | ၃ | | | ✔ | | |

CamScanner

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၆ | ၁၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၉ | ၁၈ | ၂၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၀ | ၁၁ | ၂၁ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၇ | ၁၄ | ၃၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၉၀ | ၂၄၇ | ၄၃၇ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၁၈ | ၃၂ |
| စုစုပေါင်း | | ၂၄၆ | ၃၁၄ | ၅၆၀ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၅၂ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ပျမ်းမျှတစ်မိသားစုလျှင် (၃.၇)ဦးခန့်ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေ(၇၈.၀၄% )ရှိပြီး လူဦးရေစုစုပေါင်း၏ (၂၁.၉၆% )သည် မှီခိုသူများ ဖြစ်ကြသည်။

(၂) သဘာဝရင်းမြစ်နှင့် ရာသီဥတုအခြေအနေ

(၂-၁) ကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/ အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊ စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၃၂၈.၂၁ | သင့် | ရ | ဆည် |
| ယာမြေ / တောင်ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၃၂၈.၂၁ | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု

**မှတ်ချက်။** ။ ရေရရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲစိန်ခေါ်မှုနှင့်အခြား)။** ။ကျေးရွာရှိစိုက်ပျိုးမြေများသည် မြေဆီဩဇာ အသင့်အတင့် ကောင်းမွန်ပါသည်။ လယ်မြေဧက(၃၂၈.၂၁)ဧကရှိပြီး စပါး၊ပဲ၊နှမ်း စိုက်ပျိုးကြပါသည်။

## (၂-၂) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့် | - | - |
| **အခြားသဘာဝအရင်းအမြစ်များ** | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရိစ္ဆာန်တို့အတွက် အသုံးဝင်သော) | - | - |
| ပျမ်းမျှအပူချိန်- | ပျမ်းမျှမိုးရေချိန်- | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု

**လေ့လာတွေ့ရှိချက်(အခက်အခဲစိန်ခေါ်မှုနှင့်အခြား)။** ။..........................................

.............................................................................................................

.............................................................................................................

## (၃) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁☐ ၂✔ ၃☐ | ပညာရေး ✔ ငွေကြေး ☐<br>ကျန်းမာရေး ✔ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✔ | ကောင်း ✔<br>သင့် ☐<br>ညံ့ ☐ |
| ၂ | လူငယ်အဖွဲ့ | ၁☐ ၂✔ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✔ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
| ၃ | ဝတ်အသင်း | ၁☐ ၂☐ ၃✔ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |

CamScanner

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၄ | ကျန်းမာရေး အဖွဲ့ | ၁☐ ၂✔ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✔ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲစိန်ခေါ်မှုနှင့်အခြား)။** ။ကျေးရွာတွင် အဖွဲ့ ၄ ဖွဲ့ရှိပါသည်။ ကျေးရွာလူထု၏သဘောတူညီမှုဖြင့် ဖွဲ့စည်းထားသော အဖွဲ့များဖြစ်ပါသည်။

## (၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅ ) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂၀ဧကနှင့် အထက် | ၂၀ဧက-၅ဧက | ၅ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်/ သွပ်မိုး | သွပ်မိုး၊ ထရံကာ၊ သံဖိနပ်တိုင်ကောင်း | ထရံကာ/သွပ်မိုး | မြေစိုက်အိမ်၊ ထန်းလျက်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ထွန်စက်၊ ထွေလာဂျီ၊ နွား(၂)ရှဉ်း | နွား(၁)ရှဉ်း၊ လှည်း၊ ထွန်၊ ထည် | ပေါက်တူး၊ ပေါက်ပြား၊ထွန်ခြစ် | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | ကျပန်း | ကျပန်း |
| **အိမ်ထောင်စု** | ၂၀ | ၂၅ | ၃၀ | ၇၇ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု (၂၀)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု (၂၅)၊ မပြေလည်သော အိမ်ထောင်စု (၃၀)၊ အလွန်မပြေလည်သော အိမ်ထောင်စု (၇၇)စု ရှိပါသည်။

CamScanner

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သောဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၆ | ၆၃.၁၆ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ဟတ် တာထိ) | ၁၈ | ၁၁.၈၄ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ဧက(၂ဟတ် တာထိ) | ၁၄ | ၉.၂၁ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧက(၅ဟတ် တာထိ) | ၁၈ | ၁၁.၈၄ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၆ | ၃.၉၅ | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၁၅၂ | ၁၀၀ | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၅၂)အိမ်ထောင်စု ရှိပါသည်။ ဆင်းရဲသားတောင်သူများနှင့် မြေယာမဲ့အိမ်ထောင်စုများမှာ လယ်ယာလုပ်ငန်းခွင်တွင်လည်းကောင်း၊ လက်သမား၊ ကျပန်းနေ့စားများ အဖြစ်လည်းကောင်း လုပ်ကိုင်ကြပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိနိုင်မှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်း မျှ | |
| စပါး | ၁ | တင်း | ၅၀ | ၇၅ | ၆၂.၅ | သင့် |
| ကုလားပဲ | ၁ | တင်း | ၈ | ၁၃ | ၁၀.၅ | သင့် |
| နှမ်း | ၁ | တင်း | ၈ | ၁၃ | ၁၀.၅ | သင့် |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စပါး၊ နှမ်း၊ ကုလားပဲစသည်တို့ကို အဓိကစိုက်ပျိုးကြပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မွေးမြူရေး | | |
| နွား | ၂၆ | ၇၀ |
| နို့စားနွား | ၂ | ၄ |
| ကျွဲ | | |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၁၅ | ၄၀ |
| ကြက် | ၂၄ | ၂၅၁ |
| ဘဲ | | |
| နွားနောက် | | |
| | | |
| ငါးကန် | | |
| ပုစွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွား၊ နို့စားနွား၊ ဝက်၊ ကြက်များကို အဓိကမွေးမြူကြပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း/ အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြ ချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |

CamScanner

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း/ အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြ ချက် |
|---|---|---|---|---|---|
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | ၁၅ | ၁၂ | ၁၅ | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၁ | | ၁ | |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ သင်တန်းပေးသူ) | | ၄ | | |
| ၇ | လက်လီလက်ကား ရောင်းဝယ်ရေး | ၁ | | ၁ | |
| ၈ | ဟော်တည်နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၂ | ၁ | ၂ | |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၃၆ ဦး | | | | |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများလုပ်ကိုင်သူ အုပ်စု၊ လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများဖြစ်သည့် လက်သမား လုပ်ငန်းအဓိကလုပ်ကိုင်သူ-၁၅ ဦး၊ လက်သမားလုပ်ငန်းအလုပ်သမား-၁၂ဦး၊ စက်ပြင်-၁ဦး၊ အပ်ချုပ်- ၄ ဦး၊ လက်လီလက်ကားရောင်းဝယ်သူ-၁ဦး၊ ပညာရေးဝန်ထမ်း-၃ဦး စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

## (၅)အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | စလင်းမြို့ | စလင်းမြို့ |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ဝ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ✔<br>၅ မှ ၁ဝ မိုင်☐ ၁ဝမှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ဝ မှ ၁ဝ မိုင် ✔၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၃ဝ မိုင် ☐ ၃ဝမှ ၅ဝ မိုင် ☐<br>၅၁ မှ ၁ဝဝ ☐ ၁ဝဝ မိုင်အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☐ စက်ဘီး ✔ ဆိုင်ကယ် ✔<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ | ခြေလျင်☐ စက်ဘီး ✔ ဆိုင်ကယ် ✔<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာမှ အိမ်ဆောက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များ စသည်တို့ကိုဝယ်ယူရန် (၂)မိုင်ခန့်ကွာဝေးသည့် စလင်းမြို့ဈေးသို့ သွားရောက်ဝယ်ယူကြရပါသည်။

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး အခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☐ ၂✔ ၃☐<br>၄☐ ၅☐ | ကောင်း☐ သင့် ✔ ညံ့ ☐ | မိုးလင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ✔ | ဝ–၁ မိုင် ✔<br>၁–၅ မိုင် ☐<br>၅–၁ဝ မိုင် ☐<br>၁ဝမိုင်အထက် ☐ |
| ချဉ်းကပ်လမ်း | ၁☐ ၂✔ ၃☐<br>၄☐ ၅☐ | ကောင်း☐ သင့် ✔ ညံ့ ☐ | မိုးလင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ✔ | ဝ–၁ မိုင် ✔<br>၁–၅ . မိုင် ☐<br>၅–၁ဝ မိုင် ☐<br>၁ဝမိုင်အထက် ☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂✔ ၃☐<br>၄☐ ၅☐ | ကောင်း☐ သင့် ✔ ညံ့ ☐ | မိုးလင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ✔ | ဝ–၁ မိုင် ✔<br>၁–၅ မိုင် ☐<br>၅–၁ဝ မိုင် ☐<br>၁ဝမိုင်အထက် ☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်။** ရွာတွင်းလမ်းများသည် မြေနီလမ်းများဖြစ်သော်လည်း ချိုင့်များဖြစ်နေ၍ သွားလာရခက်ခဲပါသည်။ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများမှာလည်း ချိုင့်များဖြစ်နေ၍ သွားလာရခက်ခဲပါသည်။

CamScanner

## (၅-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ အသုံးမပြုပါအကွက်တွင် ✓ခြစ် ပါ )။

| သယ်ယူပို့ဆောင်ရေး | Nearest townအကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✔ | မိုးရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✔ | မိုးရာသီ ☐တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။……………………………………………………………………

……………………………………………………………………………………………

……………………………………………………………………………………………

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၁၂၉ | ၁၂၇ | ၄ | ၃ | ၁ | | ၂၄ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။စက်ဘီးကို အများအားဖြင့် ကျောင်းသား/သူများ စလင်းမြို့(အ.ထ.က) ကျောင်းသို့ ကျောင်းတက်ရာတွင်အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်၊ သုံးဘီးနှင့် ထော်လာဂျီများကို အသုံးပြုကြပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | ၁၃၃ |
| ဆိုလာစနစ် | |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |

CamScanner

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၁၉ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် လျှပ်စစ်မီးရရှိပြီးသော ကျေးရွာဖြစ်ပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၂၀၀ | ၄၂ | ၇၁ |

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ခေတ်နှင့်အညီ တိုးတက်လာသည်နှင့်အမျှ မိုဘိုင်းဖုန်းများ လက်လှမ်းမီစွာအသုံးပြုနိုင်သည့်အတွက် ဆက်သွယ်ရေးကောင်းမွန်သောကျေးရွာဖြစ်ပါသည်။ သတင်းအချက်များ လေ့လာရာတွင် တီဗွီ၊ ရေဒီယိုနှင့် စလောင်းများ အသုံးပြုလျက် ရှိကြပါသည်။

## (၆) ပညာရေး

### (၆-၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၁၀ | ၁၁ | ၂၁ |
| အလယ်တန်း | ၁၀ | ၈ | ၁၈ |
| အထက်တန်း | ၁ | ၁၀ | ၁၁ |
| တက္ကသိုလ်/ကောလိပ် | ၃ | ၆ | ၉ |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ** သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မူလတန်း(၂၁)ဦး၊ အလယ်တန်း(၁၈)ဦး၊ အထက်တန်း(၁၁)ဦး၊ တက္ကသိုလ်တက်နေသူ (၉)ဦးရှိသည့်အတွက် ပညာရေးကဏ္ဍ အနည်းငယ်သာ တိုးတက်သည့် ကျေးရွာဖြစ်ပါသည်။

CamScanner

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

<table>
<tr><th>အကြောင်းအရာ</th><th colspan="3">(၁)</th><th colspan="3">(၂)</th><th colspan="3">(၃)</th></tr>
<tr><td>က။ ကျောင်းအဆင့်</td><td colspan="3">မူလတန်း ✔<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐</td><td colspan="3">မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ✔</td><td colspan="3">မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐</td></tr>
<tr><td>ခ။ ရွာမှ အကွာအဝေး (မိုင်)</td><td colspan="3">၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✔<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td></tr>
<tr><td>ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု</td><td colspan="3">ခြေလျင် ✔<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ✔<br>ဆိုင်ကယ် ☐<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐</td></tr>
<tr><td>ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*</td><td colspan="3">၉၀′ × ၃၀′</td><td colspan="3"></td><td colspan="3"></td></tr>
<tr><td>င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး</td><td colspan="3">ကောင်း☐ သင့်✔ ညံ့☐</td><td colspan="3">ကောင်း☐ သင့်☐ ညံ့☐</td><td colspan="3">ကောင်း☐ သင့်☐ ညံ့☐</td></tr>
<tr><td>စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ✔</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐</td></tr>
<tr><td>ဆ။ ကျောင်းအိမ်သာ အခြေအနေ</td><td colspan="3">ကောင်း ✔ သင့် ☐<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐</td></tr>
<tr><td>ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု</td><td colspan="3">တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ✔</td><td colspan="3">တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐</td><td colspan="3">တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐</td></tr>
<tr><td>ဈ။ ကျောင်းဆရာ/မ ဦးရေ</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td></tr>
<tr><td>အစိုးရခန့်</td><td>၁</td><td>၄</td><td>၅</td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>ကျေးရွာခန့်</td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မူလတန်းအထိသာ ပညာသင်ကြားနိုင်ပြီး ကျောင်းသား အရေအတွက်နှင့် ကျောင်းဆောင်လုံလောက်မှုရှိပါသည်။ ကျောင်းအိမ်သာလည်း ကောင်းမွန်ပါသည်။ ပရိဘောဂပစ္စည်းများ လုံလောက်မှုမရှိပါ။ အလယ်တန်းနှင့်အထက်တန်းကို ကျေးရွာနှင့် (၂)မိုင်ဝေးသည့် စလင်းမြို့(အ.ထ.က)ကျောင်းများသို့ သွားရောက်ပညာသင်ကြားရပါသည်။

CamScanner

(၇) ကျန်းမာရေးနှင့် အာဟာရ

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်✔ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်✔ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ✔ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်✔ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✔ |
| ၆ | တီဘီ | မြင့်☐ | နိမ့်✔ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်✔ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်✔ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်✔ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ✔ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✔ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သက်ကြီးပိုင်းအရွယ်များတွင်သာ သွေးတိုးရောဂါများ အဖြစ်များကြပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✔ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✔ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✔ |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | | ✔ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ။ကျေးရွာတွင် ၅နှစ်အောက်ကလေးများအတွက် လစဉ်ကာကွယ်ဆေးထိုးနှံမှုများရှိပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျှက်ရှိပါသည်။

CamScanner

## (၇-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✔<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ✔<br>မရှိ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အရေးပေါ်အခြေအနေနှင့်တွေ့ကြုံပါက ကျေးရွာမှ (၂)မိုင်ခန့်ဝေးသော စလင်းမြို့နယ်ပြည်သူ့ ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူကြရပါသည်။

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက် မှု (မိုး၊နွေ၊ဆောင်း) |
|---|---|---|---|
| ရေတွင်း | ၃၃ | ကောင်း☐ သင့်✔ ညံ့☐ | နွေ၊ မိုး၊ ဆောင်း |
| အဝီစိတွင်း/ စက်တပ် | ၁၆ | ကောင်း☐ သင့်✔ ညံ့☐ | နွေ၊ မိုး၊ ဆောင်း |
| အဝီစိတွင်း/ တုံကင် | ၁၀၃ | ကောင်း☐ သင့်✔ ညံ့☐ | နွေ၊ မိုး၊ ဆောင်း |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သောက်သုံးရေလုံလောက်မှု ရှိပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၅၂ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ယင်လုံအိမ်သာ (၁၃၆)လုံးရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာတစ်လုံးကို (၂)အိမ် အတူတူအသုံးပြုကြပါသည်။ တစ်ရွာလုံးနီးပါးမှာ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သောရောဂါနှင့် ယင်ကြောင့်ဖြစ်ပွားတတ်သော ဝမ်းပျက်၊ ဝမ်းလျော ရောဂါဖြစ်ပွားမှုမှာ နည်းပါးပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများဇယား

(၂၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | |
| ၃ | ရေကြီးခြင်း | |
| ၄ | မိုးခေါင်ခြင်း | |
| ၅ | အအေးလွန်ကဲခြင်း | |
| ၆ | မုန်တိုင်း | |
| ၇ | လျှပ်စီး | |
| ၈ | မီးဘေး | |
| ၉ | ဆားငန်ရေဝင်မြေ | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | |
| ၁၂ | ငှက်ဖျားရောဂါ | |
| ၁၃ | တီဘီရောဂါ | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | ဝါဆိုလများတွင် ဝက်များ၌ နားရွက်ပြာရောဂါ အဖြစ်များကြပါသည်။ |
| ၁၇ | လူကုန်ကူးခြင်း | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။..............................................................................

..........................................................................................................

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | နိမ့် | |
| အပင်မျိုးစိတ်များ | နိမ့် | |
| ရေအရင်းအမြစ် | နိမ့် | |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။..............................................................................

..........................................................................................................

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ✔ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ✔ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။..............................................................................

..........................................................................................................

..........................................................................................................

CS CamScanner

ပန်းဘဲစုကျေးရွာ၊ ရှမ်းစုကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း


| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန်းလွင် | ဦးစိန်သောင်း | ၈/စလန(နိုင်)၀၇၅၀၈၂ | ၄၇ | ဥက္ကဋ္ဌ | ၀၉-၇၉၃၅၀၁၄၁၅ |
| ၂ | ဦးအောင်တင် | ဦးကျော်စိန် | ၈/စလန(နိုင်)၁၀၇၉၅၆ | ၅၅ | အတွင်းရေးမှူး | ၀၉-၇၇၇၉၅၀၂၄၇ |
| ၃ | ဒေါ်စန်းစန်းလင်း | ဦးချစ်ရင် | ၈/စလန(နိုင်)၀၈၆၁၃၈ | ၃၇ | စာရင်းကိုင်-၁ | |
| ၄ | ဦးသန်းစိုးဦး | ဦးငွေး | ၈/စလန(နိုင်)၀၈၅၉၄၈ | ၃၄ | စာရင်းကိုင်-၂ | ၀၉-၇၇၂၄၀၇၀၈၅ |
| ၅ | ဦးနိုင်လင်းအောင် | ဦးကိုးသိန်း | ၈/စလန(နိုင်)၁၁၇၄၀၈ | ၃၄ | သော့ကိုင်-၁ | ၀၉-၄၀၁၆၅၈၀၆၀ |
| ၆ | ဒေါ်ဖြူဖြူအိ | ဦးငွေး | ၈/စလန(နိုင်)၁၆၂၇၇၄ | ၂၅ | သော့ကိုင်-၂ | ၀၉-၄၄၈၄၇၁၁၉၂ |
| ၇ | ဦးသန်း | ဦးထွန်းဖေ | ၈/စလန(နိုင်)၀၁၈၈၄၆ | ၄၇ | ဘဏ္ဍာရေးမှူး | ၀၉-၇၉၃၅၀၁၄၁၅ |
| ၈ | ဦးစိန်အေး | ဦးထွန်းညိမ်း | ၈/စလန(နိုင်)၀၈၅၅၃၈ | ၆၅ | အဖွဲ့ဝင် | ၀၉-၇၈၃၂၅၉၂၂၃ |
| ၉ | ဦးဝမ်းမော် | ဦးသန်းလှ | ၈/စလန(နိုင်)၀၈၅၅၄၂ | ၅၀ | အဖွဲ့ဝင် | |
| ၁၀ | ဦးသိန်းငွေ | ဦးကျော်လှိုင် | ၈/စလန(နိုင်)၀၇၂၀၈၄ | ၅၉ | အဖွဲ့ဝင် | |
| ၁၁ | ဒေါ်စုရီငွေး | ဦးငွေး | ၈/စလန(နိုင်)၁၆၂၇၇၄ | ၂၅ | အဖွဲ့ဝင် | ၀၉-၄၄၈၄၇၁၁၉၂ |

ပန်းဘဲစုကျေးရွာ ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂၀ဧကနှင့်အထက် | ၂၀ဧက-၅ဧက | ၅ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်အိမ်/ပျဉ်ကာ၊ သွပ်မိုး | ထရံကာ၊ သွပ်မိုး၊ သံဖိနပ်တိုင်ကောင်း | ထရံကာ၊ သွပ်မိုး | ထရံကာ၊ သက္ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ကား၊ နွား(၂)ရှဉ်း၊နွားလှည်း | နွား(၁)ရှဉ်း၊ နွားလှည်း၊ ထွန်၊ ထယ် | ပေါက်တူး၊ ပေါက်ပြား၊ ထွန်ခြစ် | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | တောင်သူ/ ကုန်သွယ် | တောင်သူ | တောင်သူ/ ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၂၀ | ၂၅ | ၃၀ | ၇၇ |

"ကျေးရွာဖွံ့ဖြိုးရေးသယံဇာတပြမြေပုံ"

ကလော်မြို့နယ်၊ ရှမ်းစုဒေသပြ ၊ပင်းဘော်ရွာ



# ပန်းဘဲရုကျေးရွာ ရာသီခွင်ပြပြက္ခဒိန်

ပန်းတဲရွာ

| အဖြစ်အပျက် | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | နှင်းကျ | နှင်းကျ | နှင်းကျ | | |
| အလုပ်အကိုင် | | | | မျိုးကျဲ | ကောက်စိုက် | | | | ကောက်ရိတ် | ကောက်ရိတ် | ကောက်ပြီးပဲ ပေါ်းသိမ်း | ကောက်ပြီးပဲ |
| လက်လုပ်လက်စားသမား စုဝင်ငွေရရှိမှု (မရှိ၊ နည်း၊ များ) | မရှိ | နည်း | နည်း | များ | များ | နည်း | မရှိ | မရှိ | များ | များ | နည်း | မရှိ |
| အသုံးစရိတ် | | | | | | | | | | | | |
| ချေးငွေလိုအပ်မှု | | | | | | | | | | | မလို | မလို |
| စားစရာဖူလုံမှု | သင့်တင့် | သင့် | နည်း | နည်း | သင့် | နည်းပါး | နည်းပါး | နည်းပါး | သင့် | သင့် | ပိုလျှံ | ပိုလျှံ |
| သောက်သုံးရေရရှိမှု | | | | | | | | | | | | |
| တိရစ္ဆာန်အစာရရှိမှု | | | | | | | | | | | | |
| တိရစ္ဆာန်ရောဂါကျရောက်မှု | | နွားနာလျှာနာ | နွားနာလျှာနာ | | | | | | | | | |
| ကျန်းမာရေးအခြေအနေ | | | | သွေးလွန်တုပ်ကွေး ဝမ်းပျက် ဝမ်းလျှော | | | | | | | | |
| သီးနှံပိုးမွှားရောဂါကျရောက်မှု | | | | | | | | | | | | |
| ပွဲတော် | ရေပက် | ကဆုန် | | | | | မီးထွန်းပွဲ | ဆီမီး | | | ထမနဲ | |
| သဘာဝဘေးအန္တရာယ် | | | | | | | | | | | | |

ယဉ်းတဲရွာ

| ရွာအဖွဲ့ | ရွာပြင်ပအဖွဲ့ |
|---|---|
| ၁။ အုပ်ချုပ်ရေးအဖွဲ့ | ၁။ pact |
| ၂။ လူငယ်အဖွဲ့ | ၂။ BG |
| ၃။ ဝတ်သင်းအဖွဲ့ | ၃။ ဓာရိဝေဥဝ် |
| ၄။ ကျန်းမာရေးအဖွဲ့ | |

